ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်

# ဆင်းရဲချမ်းသာ ကွာဟမှု


## အကျဉ်းချုပ်

၂၁ ရာစုတွင် စီးပွားရေးနှင့်ပတ်သက်၍ အကြီးမားဆုံးစိန်ခေါ်မှုမှာ ဆင်းရဲချမ်းသာကွာဟမှုများလွန်းခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ချမ်းသာသူများသည် ပိုမို၍ချမ်းသာလာပြီး ဆင်းရဲသူများသည်ပိုမို၍ ဆင်းရဲသွားကြ၍ ဆင်းရဲချမ်းသာ ကွာဟမှုမှာကျယ်ပြန့်လာကြောင်း ကမ္ဘာ့အဖွဲ့အစည်းများမှသတိပြုမိလာသောအခါ ပုံစံအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးဖြင့် ချိန်ထိုး၍ ခွဲခြမ်းစိတ်ဖြာ၍ သုတေသနပြုခဲ့ကြပါသည်။ အဖွဲ့အစည်းများမှ နိုင်ငံတကာမှအစိုးရများအား ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းစေရန် ခိုင်လုံသော အထောက်အထားများကိုဖော်ပြ၍ ကာကွယ်ဆောင်ရွက်သင့်သည်များအား အကြံပြုတိုက်တွန်းကြပါသည်။

နိုင်ငံတကာမှအစိုးရများသည် ဆင်းရဲချမ်းသာကွာဟမှုအား ကျဉ်းမြောင်းသွားစေရန် ၎င်းတို့၏ နိုင်ငံတွင်းမှအခြေအနေအရပ်ရပ်ကို စဉ်းစားဆင်ခြင်သုံးသပ်၍ကုစားဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ကွာဟမှုအားတိုက်ဖျက်ရန် မည်သို့ပင်စွမ်းဆောင်စေကာမူ ကျဉ်းမြောင်းသွားရန်သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မိမိတို့၏နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအားဆောင်ရွက်ရာ၌ အနှောက်အယှက်အဟန့်အတား တစ်ခုဖြစ်လာနိုင်သော ဆင်းရဲချမ်းသာကွာဟမှုအား နိုင်ငံတကာမှ အခြေအနေများကိုသိရှိနိုင်စေရန်လည်းကောင်း၊ နိုင်ငံတကာမှ အစိုးရများ မည်သို့မည်ပုံဖြေရှင်းဆောင်ရွက်နေခြင်းအားလေ့လာနိုင်ရန်အတွက်လည်းကောင်း ဤစာတမ်းတိုအား ရေးသားတင်ပြရခြင်းဖြစ်ပါသည်။


ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ဆင်းရဲချမ်းသာကွာဟမှု | ၃ |
| ၃။ | ဆင်းရဲချမ်းသာ ကွာဟရခြင်း ဖြစ်ပေါ်လာသောအကြောင်းအရင်း | ၄ |
| ၄။ | ဆင်းရဲချမ်းသာကွာဟမှုနှင့် မြန်မာနိုင်ငံ | ၅ |
| ၅။ | မြန်မာနိုင်ငံမှဆင်းရဲသူများနှင့်ချမ်းသာသူများ၏အခြေအနေအားနှိုင်းယှဉ်ခြင်း | ၇ |
| ၆။ | နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက် | ၉ |
| ၇။ | ကမ္ဘာ့ဆင်းရဲချမ်းသာကွာဟနေမှုအခြေအနေများ | ၁၀ |
| ၈။ | ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းသွားစေရေးအား ဆောင်ရွက်ရန်နည်းလမ်းများ | ၁၁ |
| ၉။ | အစိုးရများမှ ဆင်းရဲချမ်းသာကွာဟမှုအား ကျဉ်းမြောင်းသွားစေရန် ကုစားဆောင်ရွက်လျက်ရှိသော အခြေအနေများ | ၁၄ |
| ၁၀။ | အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများ၏ဝင်ငွေအခြေအနေများ | ၁၆ |
| | (က) တရုတ်နိုင်ငံ | ၁၇ |
| | (ခ) အိန္ဒိယနိုင်ငံ | ၁၇ |
| | (ဂ) ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၁၇ |
| | (ဃ) လာအိုနိုင်ငံ | ၁၇ |
| | (င) အင်ဒိုနီးရှားနိုင်ငံ | ၁၇ |
| | (စ) ဖိလစ်ပိုင်နိုင်ငံ | ၁၇ |
| ၁၂။ | အပြည်ပြည်ဆိုင်ရာခေါင်းဆောင်များ၏သုံးသပ်ချက်များ | ၁၈ |
| ၁၁။ | ပညာရှင်၏ထင်မြင်သုံးသပ်ချက်များ | ၂၀ |
| ၁၂။ | အဖွဲ့အစည်း၏ထင်မြင်ချက် | ၂၁ |
| ၁၃။ | နိဂုံး | ၂၁ |

# ဆင်းရဲချမ်းသာ ကွာဟမှု

## နိဒါန်း

၁။ ၂၁ရာစုတွင် စီးပွားရေးနှင့်ပတ်သက်၍အကြီးမားဆုံးစိန်ခေါ်မှုမှာ ဆင်းရဲချမ်းသာ ကွာဟမှုများလွန်းခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် လူတစ်ဦးနှင့်တစ်ဦး ဝင်ငွေမညီမျှမှုသည် အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိနေပါသည်။ နောက်ဆုံးဆယ်စုနှစ် ၃ ခုတွင် ကမ္ဘာပေါ်၌ လူ ၁၀ ယောက်လျှင် ၇ ယောက်သည် ဆင်းရဲချမ်းသာကွာဟမှုများလွန်းသော နိုင်ငံများတွင် နေထိုင်လျှက်ရှိကြပါသည်။ ကွာဟမှုများလွန်းခြင်းသည် တိုးတက်မှုကို ရပ်တန့်စေပြီး ပူးပေါင်းပါဝင်မှုကို နှောင့်နှေးစေခြင်း၊ လူမှုရေးဆက်ဆံရေးကွန်ယက်ကို သေးသိမ်စေပြီး ယုံကြည်မှုကို လျော့ပါးစေခြင်း၊ မညီမျှမှုများတိုးပွားလာခြင်းသည် ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုကိုထိပါးစေပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဆုံးရှုံးစေနိုင်ခြင်းဖြစ်ပေါ်နိုင်ပါသည်။[1]

## ဆင်းရဲချမ်းသာကွာဟမှု

၂။ စီးပွားရေးမညီမျှမှု (ဆင်းရဲမှုနှင့်ချမ်းသာမှုအကြားကွာဟမှုကိုဆိုလိုသည်)သည် ချမ်းသာမှုနှင့်ဝင်ငွေကိုပိုင်းခြားထားသောကွာဟချက်ပါဝင်မှုအားခေါ်ပါ သည်။[2] ဝင်ငွေခွဲဝေမှုအားတိုင်းတာရာတွင် တိုင်းပြည်တစ်ပြည်အတွင်း၌ တစ်ဦးချင်းတစ်ယောက်ချင်း သို့မဟုတ် အိမ်ထောင်စုအကြား အမြင့်ဆုံးဝင်ငွေနှင့်အနိမ့်ဆုံးဝင်ငွေ ကွာခြားမှုအား မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။[3] ဆင်းရဲချမ်းသာမှုအား ဂီနီဖြင့်တိုင်းတာပါသည်။ ဂီနီမြှောက်ဖော်ကိန်းသည် မညီမျှမှုအား တိုင်းတာသောယူနစ် ဖြစ်ပါသည်။ ဂီနီမြှောက်ဖော်ကိန်းသည် သုညတွင် ရှိနေပါက ညီမျှမှုနှင့် ပြည့်စုံပြီး တစ်တွင်ရှိနေပါက မညီမျှခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ တစ် ဟုလည်းဖြစ်နိုင်ပြီး ယင်းမညီမျှမှုသည်

[1]Christine Lagarde, IMF Head: Inequality Will Haunt the 21st Century, 2014
Available from: http://www.cheatsheet.com/politics/imf-head-inequality-will-haunt-the-21st-century.html/?a=viewall/ [view date 14 December 2015]

[2]Boundless.com, Growing Gap Between Rich and Poor, available from: https://www.boundless.com/sociology/textbooks/boundless-sociology-textbook/stratification-inequality-and-social-class-in-the-u-s-9/social-mobility-76/growing-gap-between-rich-and-poor-450-2081/ [view date 14 December 2015]

[3]Growing Gap Between Rich and Poor, available from: https://www.boundless.com/sociology/textbooks/boundless-sociology-textbook/stratification-inequality-and-social-class-in-the-u-s-9/social-mobility-76/growing-gap-between-rich-and-poor-450-2081/ [view date 15 December 2015]

အနုတ်လက္ခဏာအသွင်ဆောင်သွားပြီး ဂီနီသည် တစ်ထက်ကျော်လွန်သွားပါသည်။ အများအားဖြင့် ဖြစ်နိုင်ခြေ အလွန်နည်းပါးပါသည်။[4]

## ဆင်းရဲချမ်းသာ ကွာဟရခြင်း ဖြစ်ပေါ်လာသောအကြောင်းအရင်း

၃။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ၂၀၁၅ ခုနှစ် ဇွန်လတွင်ထုတ်ပြန်သောဆင်းရဲချမ်းသာကွာဟရခြင်းကိုဖြစ်ပေါ်စေသည့် ဝင်ငွေမညီမျှရခြင်းအကြောင်းရင်းများနှင့်အကျိုးဆက်များ (ကမ္ဘာလုံးဆိုင်ရာတွေ့ရှိချက်) အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) နည်းပညာတိုးတက်မှုနှင့်လုပ်သားများ၏ကျွမ်းကျင်မှုအပေါ်အခကြေးငွေပိုမိုမြင့်မားစွာပေးလာခြင်းသည် နိုင်ငံ၏တိုးတက်မှုနှင့် လုပ်သားများ၏ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာခြင်းကို ဖြစ်စေသော်လည်း ကျွမ်းကျင်မှုနည်းပါးသည့် လုပ်သားများအတွက် အလုပ်အကိုင်ရရှိရန်ခက်ခဲလာခြင်းသည် တိုးတက်ပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်စနိုင်ငံများ (EMDCs)အားလုံးတွင်ဝင်ငွေမညီမျှမှုကိုဖြစ်စေသော အကြောင်းရင်းဖြစ်ပါသည်။

(ခ) ကမ္ဘာ့နိုင်ငံများအကြား ထိတွေ့ဆက်ဆံမှုများပြားလာခြင်းသည်လည်း ဝင်ငွေမညီမျှမှုကို ဖြစ်ပေါ်စေသော အချက်များအနက် တစ်ခုဖြစ်ပါသည်။

(ဂ) စိတ်ဝင်စားစရာကောင်းသည်မှာ လုပ်သားများ၏ ကျွမ်းကျင်မှုပေါ်အခကြေးငွေများပိုမိုမြင့်မားစွာ ပေးလာခြင်းသည် တိုးတက်ပြီးနိုင်ငံများတွင် ဝင်ငွေမညီမျှမှုကို ပိုမိုကျယ်ပြန့်လာစေသော်လည်း ငွေကြေးဈေးကွက်များ ကျယ်ပြန့်ထွန်းကားလာခြင်းသည် ဖွံ့ဖြိုးတိုးတက်စနိုင်ငံများ (EMDCs) တွင် ဝင်ငွေမညီမျှမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း တွေ့ရှိရပါသည်။

(ဃ) လွန်ခဲ့သည့်ဆယ်စုနှစ်၄ခုအတွင်းတွင် နည်းပညာ၏တိုးတက်လာမှုကြောင့် သယ်ပို့စရိတ်များကျဆင်းလာခြင်း၊ လူသားတို့၏နေရာတွင် စက်ကိရိယာများ၏လုပ်ဆောင်မှုများတိုးမြင့်လာခြင်းနှင့် ဆက်သွယ်ရေးစနစ်များ တိုးတက်ကောင်းမွန်လာခြင်း

[4] Growing Gap Between Rich and Poor,available from: https://www.boundless.com/sociology/textbooks/boundless-sociology-textbook/stratification-inequality-and-social-class-in-the-u-s-9/social-mobility-76/growing-gap-between-rich-and-poor-450-2081/ [view date 21December 2015]

တို့ကိုသိသိသာသာ တိုးတက်ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။ ဈေးကွက်အသစ်များ ပေါ်ထွန်းလာခဲ့ပြီး ချမ်းသာသောနိုင်ငံနှင့် ဆင်းရဲသောနိုင်ငံများအားလုံးတွင် တိုးတက်မှုအခွင့်အလမ်းများ ပေါ်ထွန်းခဲ့ပါသည်။ သန်းရာပေါင်းများစွာသော လူသားများကို ဆင်းရဲတွင်းမှ လွတ်ကင်းစေခဲ့ပါသည်။ သို့ရာတွင် ဝင်ငွေမညီမျှမှုသည်လည်း ပိုမိုကျယ်ပြန့်လာခဲ့ပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ နိုင်ငံများ၏တိုးတက်မှုသည် လုပ်သားများ၏ ကျွမ်းကျင်မှုကိုဦးစားပေးသောနည်းပညာပြောင်းလဲမှုနှင့် ယှဉ်တွဲဆက်စပ်လျှက်ရှိသောကြောင့် ဖြစ်ပါသည်။ သို့တည်းမဟုတ် တိုးတက်မှုကိုဖြစ်ပေါ်စေသော အခြားသောအချက်အလက်များသည် ဝင်ငွေမညီမျှမှုကို ပိုမိုမြင့်မားလာစေရန် လှုံ့ဆော်လျှက်ရှိသောကြောင့်ဖြစ်ပါသည်။[5]

**ဆင်းရဲချမ်းသာကွာဟမှုနှင့် မြန်မာနိုင်ငံ**

၄။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP ၏ ၂၀၁၄ ခုနှစ် လူသားဖွံ့ဖြိုးရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် ၁၈၇ နိုင်ငံအနက် နံပါတ် ၁၅၀ ချိတ်ပြီး ဖွံ့ဖြိုးမှုနိမ့်ကျသည့်စာရင်းတွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှ ၃ ပုံ ၁ ပုံအထိ ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် အနိမ့်ဆုံးဆင်းရဲမွဲတေမှုလိုင်း၏ အောက်တွင်ကျရောက်နေပြီး လူဦးရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းအထိအဆိုပါဆင်းရဲမွဲတေမှုလိုင်းအပေါ်တွင် ရှိမနေနိုင်ကြကြောင်း အစီရင်ခံစာတွင် ဖေါ်ပြထားပါသည်။

၅။ ထို့ပြင် သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါတွင်ဖြစ်စေ၊ စီးပွားရေး မတည်မငြိမ်ကြုံတွေ့လာရသည်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတွင် အကြမ်းဖက်ပဋိပက္ခများ ပေါ်ပေါက်လာသည်ဖြစ်စေ စသည့်အချိန်များတွင် ကျန်သည့်အိမ်ထောင်စုများထဲမှ အများစုသည်ဆင်းရဲမွဲတေမှုလိုင်းကို အလွယ်တကူကျရောက်သွားနိုင်ပြီး အတိမ်းအစောင်းမခံသည့် အခြေအနေတွင် နေနေရသူများဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။[6]

[5] IMF, Causes and Consequences of Income Inequality: A Global Perspectiv 2015, available from: https://www.imf.org/external/pubs/ft/sdn/2015/sdn1513.pdf [view date 16 December 2015]

[6] ဖွံ့ဖြိုးမှုဆိုင်ရာအစီရင်ခံစာထုတ်ပြန်၊ ၂၅-၇-၂၀၁၄၊BBC, available from: http://www.bbc.com/burmese/burma/2014/07/140725_undp_report_2014_burma [view date 16 December 2015]

၆။ မြန်မာနိုင်ငံ၏ ကျေးလက်နှင့်မြို့ပြကွာခြားနေမှုမှာ ထင်ရှားပေါ်လွင်နေပါသည်။ သာမန်ပြည်သူတို့၏နေထိုင်မှုဘဝဖြစ်သော ပညာရေးနှင့်ကျန်းမာရေး၊ အခြေခံအဆောက်အအုံ၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် ယေဘုယျနေထိုင်မှုအဆင့်အတန်းများရရှိမှု အခြေအနေများ၏ကွာခြားမှုမှာ သိသာထင်ရှားပါသည်။ ကျေးလက်နှင့်မြို့ပြနယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာကဏ္ဍများသည် အမျိုးမျိုးကွဲပြားခြားနားလျှက်ရှိရာ လုပ်ခလစာရရှိမှုသည် ထင်ရှားပြတ်သားစွာကွဲပြားခြားနားသွားကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ကွာခြားမှုများကြောင့် စီးပွားရေးမညီမျှမှု၊ တစ်ဖက်စောင်းနင်းဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ချမ်းသာသူနှင့်ဆင်းရဲသူကြား ကွာဟမှုကျယ်ပြန့်ခြင်းကြောင့်ဖြစ်ပါသည်။[7]

၇။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အလွန်အမင်းချမ်းသာကြွယ်ဝသူဦးရေ ၇ ဆအထိတိုးလာနိုင်သော်လည်း မြန်မာနိုင်ငံ၏ဆင်းရဲချမ်းသာကွာဟမှုသည် ဆက်လက်မြင့်မားနိုင်ခြေရှိနေကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏တစ်ဦးချင်း အမေရိကန်ဒေါ်လာ သန်း၃၀ အထက်ပိုင်ဆိုင်သူဦးရေမှာ ၄၀ ဦးသာရှိသော်လည်း ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အလွန်အမင်း ချမ်းသာသူ ၇၆၇ ရာခိုင်နှုန်းအထိတိုးတက်လာပြီး ပမာဏအားဖြင့် လက်ရှိရှိနေသည့် ၄၀ ဦးမှ ၃၀၇ ဦးအထိတိုးတက်လာမည်ဟု Wealth-X ပိုင်ဆိုင်မှုဓနဥစ္စာထောက်လှမ်းရေး ကုမ္ပဏီက ထုတ်ပြန်သည့် ကမ္ဘာ့အလွန်အမင်းကြွယ်ဝမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။

၈။ ထိုသို့ချမ်းသာကြွယ်ဝသူဦးရေ တိုးတက်လာနိုင်ခြေမှာ အာရှဒေသတွင် အများဆုံးဖြစ်နေကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံကြီးများက စီးပွားရေးအလားအလာကောင်းများစုဝေးရာ အာရှ၏နောက်ဆုံးမြေရိုင်းအဖြစ် သတ်မှတ်ထားကြပြီး ဖွံ့ဖြိုးဆဲဈေးကွက်တွင် ဟိုတယ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သစ်အချောထည်ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့်ဘဏ်လုပ်ငန်းများမှလည်း ချမ်းသာ သူများကို ပိုမိုကြွယ်ဝချမ်းသာလာမည်ဟုသိရကြောင်း၊ ချမ်းသာလာသူများက ပိုမိုချမ်းသာလာနိုင်သော်လည်း ဝင်ငွေခွဲဝေမှုမညီမျှခြင်းကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲချမ်းသာ ကွာဟမှုနှုန်းမှာ ဆက်လက်မြင့်တက်လာနိုင်ချေရှိနေဆဲဖြစ်ကြောင်းသိရပါသည်။ မြန်မာနိုင်ငံသား ၂၆ ရာခိုင်နှုန်း

[7] Anu Seth, Myanmar Insider, Myanmar- The Rural-Urban Divide(9-2014) http://www.myanmarinsider.com/myanmar-the-rural-urban-divide/ [view date 16 December 2015]

မှာ ဆင်းရဲနွမ်းပါးနေဆဲဖြစ်ပြီးလူဦးရေ၏ ၇၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးမရရှိကြောင်း၊ လူအများစု၏ တစ်ဦးချင်းတစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁၀၀၀ အကြားတွင်သာရှိကြောင်း ကမ္ဘာ့ဘဏ်မှ အချက်အလက်များအရ သိရပါသည်။[8]

## မြန်မာနိုင်ငံမှ ဆင်းရဲသူများနှင့် ချမ်းသာသူများ၏ အခြေအနေအားနှိုင်းယှဉ်ခြင်း

၉။ မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးမှုအခြေအနေအား ဒေသတစ်ခုအတွင်း၌ အပိုင်းအခြားအတွင်း မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ရောဂါဘယဖြစ်ပွားခြင်းစသည်တို့ကိုလေ့လာခြင်း၊ အိမ်ထောင်စုဝင်များ၏ စီးပွားရေးအခြေအနေ၊ သောက်သုံးရေရရှိမှု၊ တကိုယ်ရေသန့်ရှင်းမှုနှင့်အိမ်ရာ၊ အာဟာရနှင့်ကျန်းမာရေး၊ ပညာရေး စသည့်အကြောင်းအရာများဖြင့် ခွဲခြားရပါလိမ့်မည်။ ဆန်းစစ်ချက်များအရ တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင်းရဲသောအိမ်ထောင်စုများသည် အလယ်အလတ်နှင့်ချမ်းသာသော အိမ်ထောင်စုများထက်အိမ်ထောင်စုအရွယ်အစားကြီးမားလေ့ရှိပါသည်။ဆင်းရဲသောအိမ်ထောင်စုများသည် ဝင်ငွေရရှိရေးအတွက် လုပ်ရှားရသည့်လူဦးရေ ပို၍များပါသည်။ ဆင်းရဲရခြင်းသည် အလုပ်အကိုင်မရှိသောကြောင့်မဟုတ်ဘဲ အလုပ်အကိုင်မှရရှိသောဝင်ငွေသည် နိမ့်ကျသောကြောင့်ဖြစ်ပါသည်။

(ခ) ဆင်းရဲသောမိသားစုဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားပုတ်ပြတ် (သို့မဟုတ်) အမြဲတမ်းမဟုတ်သော အလုပ်သမားများအဖြစ် လုပ်ကိုင်နေကြရပါသည်။ ဆင်းရဲသောအိမ်ထောင်စုဝင်များသည် အလယ်အလတ် (သို့မဟုတ်) ချမ်းသာသည့် အိမ်ထောင်စုထက်ပို၍ မြေယာပိုင်ဆိုင်မှု နည်းပါသည်။ မြေယာပိုင်ဆိုင်မှုမရှိခြင်းသည် ဆင်းရဲသူများတွင် ၃၄ ရာခိုင်နှုန်းဖြစ်ပြီး အလယ်အလတ်နှင့် ချမ်းသာသောအိမ်ထောင်စုများတွင် ၁၉ ရာခိုင်နှုန်း ဖြစ်ပါသည်။

(ဂ) ဆင်းရဲသောအိမ်ထောင်စုနှင့် အလယ်အလတ်နှင့် ချမ်းသာသောအိမ်ထောင်စုတို့၏ လူနေမှုအဆင့်အတန်းအားဖော်ပြသောစံနှုန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

[8] Gap may widen between rich and poor in Myanmar,Available from: http://www.wealthx.com/articles/2013/eleven-myanmar-gap-may-widen-between-rich-and-poor-in-myanmar/ [view date 17 December 2015]

| စဉ် | လူမှုရေးအခြေအနေ | ဆင်းရဲသော အိမ်ထောင်စု | အလယ်အလတ်နှင့် ချမ်းသာသောအိမ်ထောင်စု |
|---|---|---|---|
| ၁။ | အိမ်ပိုင်ဆိုင်မှုနှုန်း | ၃၂% | ၅၉% |
| ၂။ | သောက်သုံးရေသန့်ရရှိမှုနှုန်း | ၆၂% | ၇၂% |
| ၃။ | တကိုယ်ရေသန့်ရှင်းမှုနှုန်း | ၇၂% | ၈၄% |
| ၄။ | လျှပ်စစ်ရရှိမှုနှုန်း | ၂၈% | ၅၅% |

(ဃ) ဆင်းရဲသောမိသားစု၊အလယ်အလတ်နှင့်ချမ်းသာသောမိသားစုများ၏ ကျန်းမာရေးကဏ္ဍ နှိုင်းယှဉ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကျန်းမာရေးအခြေအနေ | ဆင်းရဲသော မိသားစု | အလယ်အလတ်နှင့် ချမ်းသာသောမိသားစု |
|---|---|---|---|
| ၁။ | ကလေးများခံနိုင်ရည်ရှိမှုနှုန်း | ၇၆% | ၈၆% |
| ၂။ | မိခင်၏ကျန်းမာရေးစောင့်ရှောက်မှုရှိမှုနှုန်း | ၇၇% | ၈၆% |

(င) ဆင်းရဲသောမိသားစု၊ အလယ်အလတ်နှင့် ချမ်းသာသောမိသားစုများ၏ ပညာရေးကဏ္ဍနှိုင်းယှဉ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ပညာရေးအခြေအနေ | ဆင်းရဲသော မိသားစု | အလယ်အလတ်နှင့် ချမ်းသာသောမိသားစု |
|---|---|---|---|
| ၁။ | စာတတ်မြောက်မှုနှုန်း | ၈၄% | ၉၃% |
| ၂။ | မူလတန်းပညာရေးတတ်မြောက်နိုင်မှုနှုန်း | ၈၁% | ၉၀% |
| ၃။ | အလယ်တန်းပညာရေးတတ်မြောက်နိုင်မှုနှုန်း | ၃၅% | ၅၉% |

၁၀။ ပညာရေးနှင့်ပတ်သက်၍ ဆင်းရဲသူများသည် ချမ်းသာသူများထက် နိမ့်ကျသော ပညာရေးကို ရရှိကြပါသည်။ ဆင်းရဲသောအိမ်ထောင်ဦးစီး ၂၂ ရာခိုင်နှုန်းသည် အလယ်တန်း (သို့မဟုတ်) အထက်တန်းပညာရေးအထိ ပညာတတ်မြောက်ခဲ့ပြီး ချမ်းသာသောမိသားစု၏ အိမ်ထောင်ဦးစီး

၄၀ ရာခိုင်နှုန်းသည် အလယ်တန်း (သို့မဟုတ်) အထက်တန်း ပညာရေးအထိ ပညာတတ်မြောက်ကြပါသည်။ ကျေးလက်ဒေသတွင် ဆင်းရဲသူအများဆုံးနေထိုင်ကြပြီး မူလတန်းပညာတတ်မြောက်သူရာခိုင်နှုန်းမှာ ကျေးလက်တွင်နေထိုင်သူ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး၊ မြို့ပြတွင်နေထိုင်သူမှာ ၃၇ ရာခိုင်နှုန်း ဖြစ်ပါသည်။[9]

## နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်

၁၁။ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူသည့် ၂၀၁၁ ခုနှစ်မှစ၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒချမှတ်ခဲ့ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုမူဝါဒဖြစ်သည့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးမှုမူဝါဒများပေါင်းစပ်ပြီး အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချမှတ်ခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ဝင်ငွေနိမ့်ကျပြီး ဆင်းရဲနွမ်းပါးသည့်အခြေအနေမှ ဝင်ငွေအလယ်အလတ်အဆင့်ရောက်ရှိရေး၊ စိုက်ပျိုးရေးကိုအရှိန်အဟုန်မပျက် တိုးတက်အောင်ဆောင်ရွက်လျက် စက်မှုလက်မှုအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများပါဝင်ပါသည်။[10]

၁၂။ နိုင်ငံတော်သမ္မတက ဆင်းရဲချမ်းသာကွာဟမှု၊ မြို့ပြ ကျေးလက် လူနေမှုအဆင့် ကွာခြားမှုများကို လျှော့ချမည်ကတိပြုပြောကြားခဲ့ရာ ၎င်း၏ကတိအတိုင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကစတင်ပြီး ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ် ၇ ရပ် ဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးများကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ လူတစ်ဦးချင်းဝင်ငွေသည်လည်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF ၏ အစီရင်ခံစာအရ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၀၀ ကျော်ရှိရာမှ ၂၀၁၅ ခုနှစ်မှာ အမေရိကန် ဒေါ်လာ

[9] ADB, POVERTY ANALYSIS, Available from: www.adb.org/sites/default/files/linked.../icps-mya-2012-2014-pa.pdf[view date 18 December 2015]

[10] နိုင်ငံတော်သမ္မတရုံး(၃-၁၂-၂၀၁၄) နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (KOICA) မှ အကူအညီပေးမည့် (MDI) တည်ထောင်ရေး စီမံကိန်းနှင့် ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေးတို့အတွက် ပူးတွဲဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြား
Available from: http://www.president-office.gov.mm/?q=briefing-room/speeches-and-remarks/2014/12/03/id-7374/ [view date 18 December 2015]

၁၂၇၀ အထိတိုးတက်လာသည်ကိုတွေ့ရကြောင်း နိုင်ငံတော်သမ္မတ၏ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင်ဖော်ပြထားပါသည်။[11]

## ကမ္ဘာ့ဆင်းရဲချမ်းသာကွာဟနေမှုအခြေအနေများ

၁၃။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ဖြန့်ဝေခဲ့သည့် Oxfam အဖွဲ့အစည်း၏ သုတေသန စာတမ်းများ၏ဖော်ပြချက်အရ အချမ်းသာဆုံး ၁ ရာခိုင်နှုန်းသည် ၂၀၀၉ ခုနှစ်တွင် ၄၄ ရာခိုင်နှုန်းတိုးတက်ချမ်းသာခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်းတိုးတက်ချမ်းသာကြွယ်ဝခဲ့၍ ၎င်းနှုန်းအတိုင်းသွားပါက ၂၀၁၆ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းထက်ပို၍ချမ်းသာကြွယ်ဝလိမ့်မည်ဖြစ်ကြောင်း သိရပါသည်။ ကမ္ဘာ့ချမ်းသာကြွယ်ဝသူများအလွှာတွင် ၂၀၁၄ ခုနှစ်တွင်အရွယ်ရောက်ပြီးသူများသည် ပျမ်းမျှတစ်ဦးလျှင် ဒေါ်လာ ၂.၇ သန်း ချမ်းသာကြွယ်ဝပါသည်။ လူ ၈၀ ရာခိုင်နှုန်းသည် ချမ်းသာကြွယ်ဝမှု ၅၅ ရာခိုင်နှုန်းသာ ပိုင်ဆိုင်ပြီး ထိုသူများသည်အရွယ်ရောက်ပြီး တစ်ဦးလျှင် ဒေါ်လာ ၃.၈၅၁ပိုင်ဆိုင်ပြီး ၎င်းသည် ပျမ်းမျှ ၁ရာခိုင်နှုန်း၏ ချမ်းသာကြွယ်ဝမှုမှာ ၇၀၀ ပုံ ၁ ပုံ ဖြစ်ပါသည်။[12]

၁၄။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲချမ်းသာကွာဟမှုလေ့လာချက်တစ်ခုကို လူအခွင့်အရေးအဖွဲ့တစ်ခုဖြစ်သည့် Oxfam အဖွဲ့ကထုတ်ပြန်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာတွင် ကမ္ဘာ့အချမ်းသာဆုံး လူ ပုဂ္ဂိုလ် ၈၅ ယောက်တို့၏ချမ်းသာကြွယ်ဝမှုပမာဏသည် ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ကျော်ထဲမှထက်ဝက်ဖြစ်သည့် ဆင်းရဲသားများ၏ချမ်းသာကြွယ်ဝမှုပမာဏနှင့်ညီမျှသည်ဟု ဖော်ပြထားပါသည်။[13]

၁၅။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံအများစုမှာ ဆင်းရဲချမ်းသာကွာဟမှုသည် နှစ် ၃၀ အတွင်း အမြင့်ဆုံးဖြစ်လာခဲ့ကြောင်း၊ ဤကဲ့သို့ မညီမျှမှုများ တိုးမြင့်လာသည့်အတွက် စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေရုံသာမက လူမှုအသိုင်းအဝိုင်းကိုလည်း ထိခိုက်စေကာ စီးပွားရေးအဖွဲ့အ

---

[11] နိုင်ငံတော်သမ္မတမှ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသည့် နိုင်ငံတော် အခြေပြ မိန့်ခွန်း ဇန်နဝါရီ ၂၈ available from: http://www.president-office.gov.mm/?q=briefing-room/speeches-and-remarks/2016/01/29/id-10309

[12] OXFAM, Richest 1% will own more than all the rest by 2016,19 January 2015 , available from: https://www.oxfam.org/en/pressroom/pressreleases/2015-01-19/richest-1-will-own-more-all-rest-2016, [view date 22 December 2015]

[13] အချမ်းသာဆုံး ၈၅ ဦး နေဥစ္စာ လူသန်းပေါင်း ၃၅၀၀ ပိုင်ဆိုင်မှုနဲ့ညီမျှ၊(၁၂-၁၂-၂၀၁၅)၊ ဗွီအိုအေ၊ available from:http://Burmese.voanews.com/content/Oxfam-wealth-of-85-richest-equa.../ [view date 21December 2015]

စည်းများအပေါ်တွင်လည်း လူအများစု၏ယုံကြည်မှုကို ပျက်ပြားစေသည်ဟု OECD အဖွဲ့က ပြောကြားခဲ့ပါသည်။ OECD အဖွဲ့ဝင် ၃၄ နိုင်ငံ၏လူများထဲတွင် အချမ်းသာဆုံး ၁ဝ ရာခိုင်နှုန်း ၏ဝင်ငွေသည် အဆင်းရဲဆုံး ၁ဝ ရာခိုင်နှုန်း၏ ဝင်ငွေထက် ၁ဝ ဆနီးပါး ရှိနေသည် ဟုဆိုပါ သည်။ စီးပွားရေး ကျပ်တည်းနေသည့်အချိန်တွင် ကွာဟမှုနှုန်းနှေးကွေးခဲ့ပြီး ယခုအခါ ပြန်လည် မြင့်တက်လာခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ မညီမျှမှုများကို လျော့နည်းစေရန် ပညာရေးတွင်ပိုမို ရင်းနှီးမြှုပ်နှံရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေမည့်မူဝါဒများကို ချမှတ်ရန် OECD ကတိုက်တွန်း ထားပါသည်။[14]

## ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းသွားစေရေးအား ဆောင်ရွက်ရန်နည်းလမ်းများ

၁၆။ ၂ဝ၁၄ ခုနှစ် အောက်တိုဘာလတွင် Oxfam အဖွဲ့အစည်းမှ ကမ္ဘာ့ဆင်းရဲချမ်းသာကွာဟမှု အား သုတေသနပြုခဲ့သောစာတမ်းတွင် ဆင်းရဲချမ်းသာကွာဟမှုအား ကျဉ်းမြောင်းစေရန် နိုင်ငံ တကာရှိအစိုးရများသည်အောက်ပါအတိုင်းတာဝန်ယူဆောင်ရွက်သင့်ကြောင်းဖော်ပြထားပါသည်-

(က) **အစိုးရများမှ အစွန်းရောက်မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းပြီး နိုင်ငံသားများ အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း။** ၂ဝ၁၅ ခုနှစ်အလွန်သဘောတူညီချက် အဖြစ် အစွန်းရောက်မညီမျှမှုများကို ၂ဝ၃ဝ ခုနှစ်တွင် ရည်မှန်းချက်တစ်ခုအနေ ဖြင့် အမြစ်ဖြတ်ချေမှုန်းရေးအား တာဝန်ယူဆောင်ရွက်သင့်ပါသည်။ အမျိုးသား မညီမျှမှု ကော်မရှင်ဖွဲ့စည်းရန် ပြည်သူများပါဝင်ဆောင်ရွက်လာနိုင်စေရန်အတွက် ပြည်သူများ သိရှိစေရန်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်စွာထုတ်ဖော်ပြသခွင့်နှင့် လွတ်လပ်သော သတင်းမီဒီယာရှိရန်တို့ကိုဆောင်ရွက်သင့်ပါသည်။

(ခ) **အမျိုးသမီးများ၏စီးပွားရေးတွင်ညီမျှစွာပါဝင်မှုနှင့်အမျိုးသမီးများ၏အခွင့်အရေး ကို မြှင့်တင်ခြင်း။** ပြည်သူများမှ အခမဲ့ဆောင်ရွက်ပေးမှုများအတွက် သင့်တော် သောအခကြေးငွေပေးခြင်း၊ ကျား၊ မ ခွဲခြားမှုကြောင့် လစာကွာဟမှုများအား အဆုံးသတ်ခြင်း၊ အမျိုးသမီးများအား ညီမျှသောအမွေဆက်ခံခွင့်နှင့် မြေယာပိုင် ဆိုင်ခွင့်ရရှိစေခြင်း၊ အမျိုးသမီးနှင့် မိန်းကလေးများသည် စီးပွားရေးမူဝါဒများ

[14] ဆင်းရဲချမ်းသာကွာဟမှု နှစ် ၃ဝ အတွင်း အမြင့်ဆုံးဖြစ်လာ၊၂၁-၅-၂ဝ၁၅၊BBC, availablefrom; http://www.bbc.com/burmese/world/2015/05/150521_rich_poor_gap_oecd [view date 22 Decembe 2015]

ကြောင့် မည်သို့မည်မျှ ထိခိုက်နစ်နာနေကြောင်းကို အချက်အလက်များစုစည်းခြင်းတို့အား ဆောင်ရွက်သင့်ပါသည်။

(ဂ) **အလုပ်သမားများ၏စားဝတ်နေရေးအတွက် လုံလောက်သောအခကြေးငွေ ချီးမြှင့်၍ ၎င်းချီးမြှင့်ငွေနှင့် ထိပ်တန်းအရာရှိကြီးများ၏ မြင့်မားလွန်းသော ချီးမြှင့်ငွေကြား ကွာဟမှုအား ကျဉ်းမြောင်းစေခြင်း။** အလုပ်သမားများအားစားဝတ်နေရေးစရိတ်အတွက် လုံလောက်သော အနိမ့်ဆုံးလစာအား တိုးမြှင့်ပေးရန်၊ အမြင့်ဆုံးမှအလယ်အလတ်လစာအချိုးအား ၂၀:၁ ဖြင့်ထားရှိရန်၊ လစာအချိုးများသည် ပွင့်လင်းမြင်သာမှုရှိရန်၊ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းရန်နှင့် ဆန္ဒပြမှုများကို ခွင့်ပြုပြီး အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်ရန်တို့ကို ဆောင်ရွက်သင့်ပါသည်။

(ဃ) **အခွန်ပေးဆောင်ရသော ဝန်ထုပ်ဝန်ပိုးများကို မျှမျှတတချမှတ်ရန်နှင့် သာတူညီမျှအခွင့်အရေး ရရှိစေခြင်း။** စားသုံးသူများနှင့်အလုပ်သမားများ၏ အခွန်အကောက်ဝန်ထုပ်ဝန်ပိုးအားလျှော့ချ၍ ၎င်းအခွန်အကောက်များအားချမ်းသာကြွယ်ဝမှုအပေါ် အခွန်ထမ်းဆောင်မှုသို့ပြောင်းလဲရန်၊ လုပ်ငန်းအပေါ်အရင်းအနှီးနှင့်ဝင်ငွေများကို လျှော့၍ကောက်ရန်၊ အခွန်ကောက်ခံရသည့် အကြောင်းအရင်းများနှင့် စပ်လျဉ်း၍ ပွင့်လင်း မြင်သာမှုရှိရန်၊ အမျိုးသားချမ်းသာကြွယ်ဝမှုအခွန်အကောက်နှင့် ကမ္ဘာ့ချမ်းသာကြွယ်ဝမှုအခွန်အကောက်ကို လေ့လာစမ်းစစ်ရန်တို့ကို တာဝန်ယူဆောင်ရွက်သင့်ပါသည်။

(င) **အပြည်ပြည်ဆိုင်ရာအခွန်အကောက်တိမ်းရှောင်မှုအားပိတ်ဆို့ရန်နှင့် အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များပြုပြင်ရန်။** ဖွံ့ဖြိုးဆဲနိုင်ငံများမှ သာတူညီမျှပါဝင်ပြီး အပြည်ပြည်ဆိုင်ရာအခွန်နှင့်စပ်လျဉ်းသော အုပ်ချုပ်မှုအဖွဲ့တစ်ခုဖွဲ့ခြင်းပါဝင်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊ နိုင်ငံတစ်ခုချင်းအလိုက် အများပြည်သူကြည့်ရှုနိုင်သော အစီရင်ခံစာများ တင်ပြခြင်း၊ ပိုင်ရှင်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သော ပြည်သူ့မှတ်တမ်းများထားရှိရန်၊ အခွန်နှင့်ပတ်သက်သော သတင်းအချက်အလက်များ ပြည့်စုံစွာ မရှိသေးသည့်

ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သည့် နိုင်ငံများအကြား အခွန်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အလိုအလျောက်လဲလှယ်ခြင်းအား ဆောင်ရွက်ရန်၊ အခွန်ကင်းလွတ်ခွင့်စနစ်ကိုရုပ်ဆိုင်းရန်၊ အခွန်မရှောင်တိမ်းနိုင်ရန်အတွက် နာမည်ပျက်စာရင်းနှင့် ပိတ်ဆို့မှုများပြုလုပ်ခြင်း၊ ကုမ္ပဏီများသည် အမှန်တကယ်လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများအတွက် အခွန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူဆောင်ရွက်သင့်ပါသည်။

(စ) **၂၀၂၀ ခုနှစ်တွင်အခမဲ့ပြည်သူ့ဝန်ဆောင်မှုများရရှိစေခြင်း။** ပြည်သူ့ဝန်ဆောင်မှုများ အသုံးပြုသူများ ပေးဆောင်နေရသော အခကြေးငွေများအား ဖယ်ရှားရန်၊ အစိုးရမှ ၎င်း၏အသုံးစရိတ်ကို သတ်မှတ်ထားသည့်အတိုင်းအသုံးပြုရန်၊ ပြည်သူများ၏ပညာရေးနှင့်ကျန်းမာရေးအတွက် အစိုးရ၏ထောက်ပံ့ကြေးငွေယူ၍ ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကကုမ္ပဏီများ၏ လုပ်ဆောင်ချက်အား ပြန်လည်သုံးသပ်ဆန်းစစ်ရန်နှင့်အသစ်ကုမ္ပဏီများအား ခွင့်ပြုပေးခြင်းမပြုရန်၊ ပြည်သူ့ဝန်ဆောင်မှုနှင့်ဆေးဝါးများကို ကုန်သွယ်မှုနှင့် ရင်းနှီးမှုဆိုင်ရာသဘောတူညီချက်များတွင် ထည့်သွင်းဖော်ပြခြင်း မပြုရန်တို့ကို ဆောင်ရွက်သင့်ပါသည်။

(ဆ) **သုတေသနနှင့်ဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့လုံးဆိုင်ရာစနစ်ကို ပြောင်းလဲရန်နှင့် ပြည်သူအများ လက်လှမ်းမီနိုင်သည့် လက်ခံနိုင်မှုရှိသော ဆေးဝါးများ၏ ဈေးနှုန်းကို သတ်မှတ်ခြင်း။** သုတေသနနှင့်ဖွံ့ဖြိုးမှုအတွက် ကမ္ဘာလုံးဆိုင်ရာစနစ်အသစ်ကို စာချုပ်ချုပ်ရန်၊ ဆေးဝါးများအပေါ်တွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန်နှင့် ယေဘုယျလက်ခံနိုင်မှုများပါဝင်ရန်၊ ကူးသန်းရောင်းဝယ်မှုသဘောတူညီချက်တွင် ပစ္စည်းဥစ္စာမူပိုင်ခွင့် စည်းမျဉ်းစည်းကမ်းများပါဝင်ခြင်း မရှိစေရန်တို့ကို တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ဇ) **ကမ္ဘာအနှံ့ လူမှုရေးအခြေခံကာကွယ်မှုအားဖော်ဆောင်ရန်။** ကမ္ဘာအရပ်ရပ်တွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ ကမ္ဘာအနှံ့ရှိ ကလေးသူငယ်များ၏ အကျိုးခံစားခွင့်၊ အလုပ်လက်မဲ့

များ၏ အကျိုးခံစားခွင့်နှင့် ပင်စင်စားများ၏အခြေခံဝင်ငွေကို အာမခံချက်ပေးရန်တို့ကို တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ဈ) **မညီမျှမှုနှင့် ဆင်းရဲမှုလျှော့ချရန်အတွက် ငွေကြေးရန်ပုံငွေတိုးမြှင့်သတ်မှတ်ရန်နှင့် ပြည်သူပြည်သားများနှင့် ၎င်းတို့နှင့်အစိုးရအကြား စည်းလုံးမှုကို ပိုမိုမြှင့်တင်ရန်။** အခမဲ့ပြည်သူ့ဝန်ဆောင်မှုများတွင် အလှူရှင်များ၏ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာစေရန်နှင့်ပြည်တွင်းမှ ပူးပေါင်းပါဝင်လာရေးအတွက် စည်းရုံးလှုံ့ဆော်ရန်၊ အစီအစဉ်များသည် နိုင်ငံသားများအနေဖြင့် မညီမျှမှုကိုရင်ဆိုင်ရာတွင်၊ ဒီမိုကရေစီလုပ်ငန်းစဉ်များ၌ ပါဝင်ရာတွင် မည်မျှအထောက်အကူပြုသည်ကို သုံးသပ်ရပါမည်။[15]

**အစိုးရများမှ ဆင်းရဲချမ်းသာကွာဟမှုအား ကျဉ်းမြောင်းသွားစေရန် ကုစား ဆောင်ရွက်လျက်ရှိသော အခြေအနေများ**

၁၇။ အမေရိကန်နိုင်ငံနှင့် အချို့သောနိုင်ငံများမှ အစိုးရများသည် ဆင်းရဲချမ်းသာကွာဟမှုအား ကျဉ်းမြောင်းသွားစေရန် ကုစားဆောင်ရွက်လျက်သော အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဝင်ငွေသည် နိမ့်သွားနိုင်သည့်အနေအထား သို့မဟုတ် ပြောင်းလဲသွားနိုင်သည့် အနေအထားကဲ့သို့သောများစွာသောနည်းလမ်းများဖြစ်ပေါ်နိုင်ခြင်း။** ဝင်ငွေအမျိုးမျိုးရှိပါသည်။ အလုပ်အပေါ်ရရှိသောဝင်ငွေ၊ ကိုယ်ပိုင်လုပ်ငန်းမှရရှိသောဝင်ငွေ၊ ရင်းနှီးမြှုပ်နှံမှုမှရရှိသောဝင်ငွေများဖြစ်ပါသည်။(ဥပမာ-ငွေကြေးဈေးကွက်နှင့် အငြိမ်းစားယူခြင်းကဲ့သို့သော) ထိုအရာအားလုံးပေါင်းခြင်းအား အမေရိကန်နိုင်ငံလွှတ်တော်ဆိုင်ရာဘတ်ဂျက်အကြံပေးအဖွဲ့(CBO) က “ဈေးကွက်ဝင်ငွေ” ဟုခေါ်ပါသည်။ ၎င်းတွင်အစိုးရထံမှ ထောက်ပံ့ငွေအဖြစ်ရသော ဝင်ငွေလည်းဖြစ်ပါသည်။ ၎င်းကို “အစိုးရမှလွှဲပြောင်းပေးခြင်း”ဟုခေါ်ပါသည်။ အစိုးရမှထောက်ပံ့ပေးသော လူမှုရေးဆိုင်ရာလုံခြုံမှုနှင့် သက်ကြီးရွယ်အိုများအတွက် ဆေးဝါးအကူအညီပေးမှု

[15] OXFAM ISSUE BRIEFING, JANUARY 2015, OXFAM International, RISING INEQUALITY IS NOT INEVITABLE, available from: https://www.oxfam.org/sites/www.oxfam.org/files/file_attachments/ib-wealth-having-all-wanting-more-190115-en.pdf/[view date 23 December 2015]

စီမံကိန်း ထောက်ပံ့ငွေ သို့မဟုတ် အစားအသောက်တံဆိပ်များနှင့် ဆင်းရဲသားများ အတွက် ဆေးဝါးအကူအညီပေးမှုစီမံကိန်းမှ ထောက်ပံ့ငွေများကိုလည်း ဆိုလိုပါသည်။ မညီမျှမှုများ သို့မဟုတ် ကွာဟမှုများသည် ထိုတိုင်းတာမှုနည်းလမ်းများ အပေါ်မူတည်၍ အနိမ့်အမြင့် ကွာခြားသွားနိုင်ပါသည်။

(ခ) **အခွန်ကောက်ခံခြင်းသည် ဝင်ငွေမညီမျှမှုများကွာဟမှု ကျဉ်းမြောင်းသွားစေခြင်း။** အစိုးရ၏ အခွန်ကောက်ခံမှုစနစ်သည် ဝင်ငွေများများရလျှင် အခွန်များများပိုရသောစနစ်ကို ပြုလုပ်ထားပါက ဝင်ငွေများများရလျှင် ဝင်ငွေအား အခွန်အဖြစ်ပေးရပါမည်။ ၂၀၁၁ ခုနှစ်က အမေရိကန်နိုင်ငံတွင် ချမ်းသာသူ ၂၀ ရာခိုင်နှုန်းသည် ၅၈ ရာခိုင်နှုန်းအခွန်ဆောင်ရပြီး ဆင်းရဲသူ ၂၀ ရာခိုင်နှုန်းက ၂.၂ ရာခိုင်နှုန်း အခွန်ဆောင်ရပါသည်။ ချမ်းသာသူ ၂၀ ရာခိုင်နှုန်း၏ပိုင်ဆိုင်မှုသည် ၄၈.၂ ရာခိုင်နှုန်းဖြစ်လာပြီး ဆင်းရဲသူ ၂၀ ရာခိုင်နှုန်းသည် ၆.၃ ရာခိုင်နှုန်းပိုင်ဆိုင်လာကြောင်း CBO ၏ခန့်မှန်းတွက်ချက်မှုများတွင် ဖော်ပြထားပါသည်။

(ဂ) **အစိုးရ၏ထောက်ပံ့မှုများသည်ကွာဟမှုကိုကျဉ်းမြောင်းလာစေခြင်း။** အစိုးရ၏ ထောက်ပံ့မှုများသည် ဝင်ငွေနည်းသူများ၏ဝင်ငွေကို တိုးမြှင့်စေပါသည်။ အစိုးရ၏ထောက်ပံ့မှုကြောင့် ဝင်ငွေကွာဟမှုကျဉ်းမြောင်းခြင်းသည် အခွန်ကောက်ခံမှုကို ပို၍ကျဉ်းမြောင်းလာစေကြောင်း CBO က ပြောကြားခဲ့ပါသည်။

(ဃ) **အခွန်များမြင့်တက်နေစေခြင်း။** အစိုးရ၏ ပျမ်းမျှအခွန်ကောက်ခံခြင်းသည် ဝင်ငွေအုပ်စု ပုံစံအားလုံးအတွက် ယခင်ကထက်လျော့သွားသော်လည်း အခွန်က တိုးပေးနေရပါသည်။ ဝင်ငွေများ မြင့်တက်လာစေရန် အခွန်ဥပဒေများပြင်ဆင်၍ ပြုလုပ်နိုင်ပါသည်။ ဥပမာ- အမေရိကန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်ကြားတွင် အခွန်ဥပဒေများ တစ်ခုပြီးတစ်ခုဆက်တိုက် ထွက်လာသောကြောင့် အချမ်းသာဆုံးသော ၁ ရာခိုင်နှုန်းသောသူများသည် အခွန်ပေးရငွေ မြင့်တက်သွားပါသည်။ ယခင်အစိုးရလက်ထက်က ဥပဒေများသည် သက်တမ်းကုန်သွားသော

ကြောင့် အချမ်းသာဆုံးသူများ၏ ဝင်ငွေများသည် အခွန်ကောက်ခံမှုအသစ်ဖြစ်သော Affordable Care Act ကြောင့် ဝင်ငွေများထိခိုက်ခဲ့ရပါသည်။

(င) **မည်သည့်ကာလတွင်မဆိုဝင်ငွေများသူ၊နည်းသူများအမြဲတမ်းရှိနေနိုင်ခြင်း။** ဝင်ငွေများခြင်း သို့မဟုတ် နည်းခြင်းအား တိတိကျကျ သတ်မှတ်ထားခြင်းမရှိခြင်းမှာ လူမှုရေးဆိုင်ရာပြဿနာတစ်ခုဖြစ်ပါသည်။ တချို့ပညာရှင်များက ဝင်ငွေမညီမျှမှု တိုးပွားလာရခြင်းသည် နိုင်ငံတစ်ခု၏ စီးပွားရေးတိုးတက်မှုထက် အရေးမကြီးကြောင်း၊ ဝင်ငွေမညီမျှမှုသည် စီးပွားရေးတိုးတက်မှုအား နှောင့်နှေးစေသော်လည်း ဝင်ငွေမည်မျှအထိ မညီမျှလျှင် စီးပွားရေးတိုးတက်မှုကို မည်မျှအထိ ထိခိုက်ကြောင်းတိတိကျကျ ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ပြောကြားကြပါသည်။[16]


## အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများ၏ ဂဝင်ငွေအခြေအနေများ

၁၈။ ၂၀၁၄ ခုနှစ်ဒီဇင်ဘာလတွင်ကုလသမဂ္ဂ၏စီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission) မှConfronting Inequalities in Asia and the Pacific: အလုပ်ရုံစာတမ်းတွင် အာဆီယံနိုင်ငံအချို့နှင့် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများ၏ ဂဝင်ငွေအခြေအနေများကို အောက်ပါအတိုင်းဖော်ပြထားပါသည်- [17]


[16] Jeanne Sahadi ,November 14, 2014:5 things to know about income inequality,
Available from: http://money.cnn.com/2014/11/14/news/economy/income-inequality/[view date 23 December 2015]

[17] United Nations Economic and Social Commission , Confronting Inequalities in *Asia* and the Pacific: 4 Dec 2014, available from: http://www.unescap.org/sites/default/files/Social%20protection%20working%20paper.pdf/ [view date 23 December 2015]


(က) တရုတ်နိုင်ငံ





(ခ) အိန္ဒိယနိုင်ငံ





(ဂ) ဘင်္ဂလားဒေ့ရှ်နိုင်ငံ





(ဃ) လာအိုနိုင်ငံ




(င) အင်ဒိုနီးရှားနိုင်ငံ




(စ) ဖိလစ်ပိုင်နိုင်ငံ




၁၀ ရာခိုင်နှုန်းသောချမ်းသာကြွယ်ဝဆုံးသောသူများ

အလယ်အလတ်သော ၂၅ ရာခိုင်နှုန်း

အဆင်းရဲဆုံးသော ၁၀ ရာခိုင်နှုန်း

၁၉။ အာရှတိုက်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံအချို့နှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့၏ ဆယ်စုနှစ် ၃ ခုအတွင်း ဝင်ငွေကွာဟမှုအား ယေဘုယျနှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ၁၉၈၁ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့ဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများ၏ ဂင်ငွေ ကွာဟချက်မှာ ဆယ်စုနှစ် ၃ ခုအတွင်းကျယ်ပြန့်လာကြောင်းတွေ့ရပါသည်။ အလယ်အလတ်ဖြစ်သော ၂၅ ရာခိုင်နှုန်းနှင့်ဆင်းရဲဆုံးသော ၁၀ ရာခိုင်နှုန်းကွာဟချက်မှာ အလွန်မကွာဟသော်လည်း ၁၀ ရာခိုင်နှုန်းသောချမ်းသာကြွယ်ဝဆုံးသောသူများနှင့်မူ အလွန်ကွာဟလာကြောင်း တွေ့ရှိရပါသည်။ (ယင်းအလုပ်ရုံစာတမ်းတွင် နိုင်ငံ ၂၅ နိုင်ငံ၏ဂင်ငွေကွာဟချက်အား Graph ဖြင့်ဖော်ပြထားပါသည်။)

## အပြည်ပြည်ဆိုင်ရာခေါင်းဆောင်များ၏ သုံးသပ်ချက်များ

၂၀။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွင် ပူးတွဲဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် အုပ်ချုပ်ရေးညွှန်ကြားရေးမှူး Winnie Byanyima ကဒေဗိုမြို့အခမ်းအနား၌ "လူ၉ ယောက်တွင် ၁ ယောက်မှာစားနပ်ရိက္ခာလုံလောက်မှုမရှိဖြစ်နေပြီး လူသန်း ၁၀၀၀ သည် တစ်နေ့လျှင်ဒေါ်လာ ၁.၂၅ ထက် လျော့နည်းသော ဝင်ငွေဖြင့်စားသောက်နေရသောကြောင့် မညီမျှမှုများသည် ကမ္ဘာ့ဆင်းရဲမှုလျော့ကျရေးအား ဆန့်ကျင်ပြီး အတားအဆီး အနှောက်အယှက်များဖြစ်နေပါသည်။ အစွန်းရောက်မညီမျှမှုများသည် စိတ်ဓာတ်ရေးရာပျက်ယွင်းမှုများဖြစ်ရုံသာမက ကျွန်ုပ်တို့သိကြသည့်အတိုင်း စီးပွားရေးတိုးတက်မှုအားနှေးကွေးစေပြီး ပုဂ္ဂလိကကဏ္ဍ၏အခြေခံမျဉ်းအား ခြိမ်းခြောက်နေပါသည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာကြီးထဲတွင် ကျန်သောသူများအားလုံး၏ပိုင်ဆိုင်မှုထက်များနေသော ၁ ရာခိုင်နှုန်းပိုင်ဆိုင်သောသူများနှင့်အတူနေထိုင်ရန် တကယ်ဘဲနေချင်ပါရဲ့လား ဟုမေးချင်ပါသည်။ ကမ္ဘာကြီး၏ဆင်းရဲချမ်းသာမညီမျှမှုအဆင့်သည် အလွန်ပင်အံ့သြလောက်ပါသည်။ ကမ္ဘာ့အစီအစဉ်များက မည်မျှပင် တိုက်ဖျက်ရန် စွမ်းဆောင်စေကာမူ ဆင်းရဲချမ်းသာကွာဟမှုသည် လျှင်မြန်စွာကျယ်ပြန့်လာပါသည်"ဟုပြောကြားခဲ့ပါသည်။[18]

---

[18] OXFAM, Richest 1% will own more than all the rest by 2016,19 January 2015 , available from: https://www.oxfam.org/en/pressroom/pressreleases/2015-01-19/richest-1-will-own-more-all-rest-2016, [view date 22 December 2015]

၂၁။ “ချမ်းသာသူများသည် အခွန်အနည်းငယ်သာပေးရရန်၊ ဥစ္စာဓနကို ပြည်ပတွင် သွားထားရန်နှင့်ကိုယ်ကျိုးစီးပွားအတွက်၎င်းတို့သည် နိုင်ငံရေးအာဏာကိုအသုံးပြုခဲ့ကြောင်း၊ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်ခက်ခဲစေခြင်း၊ ရာဇဝတ်ပြစ်မှုနှင့် ရောဂါဘယများအပါအဝင် လူမှုဘေးဥပါဒ် အမျိုးမျိုးဖြစ်စေပါသည်” ဟု ကမ္ဘာလုံးဆိုင်ရာဆင်းရဲချမ်းသာကွာဟမှုလေ့လာချက် (၂၀၁၅) အစီရင်ခံစာပူးတွဲပြုစုသူ Nick Galasso ကပြောကြားခဲ့ပါသည်။[19]

၂၂။ “ယနေ့ကမ္ဘာပေါ်တွင် တီထွင်ဖန်တီးမှုများတိုးမြှင့်လုပ်ဆောင်လျှက်ရှိကြကြောင်း၊ သို့ရာတွင် ထိုတီထွင်မှုများသည် အလုပ်အကိုင်ကို လုံလောက်စွာ ဖော်ဆောင်နိုင်ခြင်းမရှိသောကြောင့် ဆင်းရဲချမ်းသာကွာဟမှုကိုပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် အလုပ်လက်မဲ့နှုန်းမြင့်မားမှုနှင့် တိုးမြင့်လာနေသော ဆင်းရဲချမ်းသာကွာဟမှုတို့ကြောင့် နှေးကွေးနေဦးမည်ဖြစ်ကြောင်း”IMF ၏အကြီးအကဲဖြစ်သူ Christine Lagarde က ပြောကြားခဲ့ပါသည်။[20]

၂၃။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတလောင်းရွေးချယ်မှုတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ထင်ရှားသော ပုဂ္ဂိုလ်ကြီးဖြစ်သည့် ရီပတ်ဘလစ်ကန်ပါတီမှသူဌေးကြီး Donald J.Trump နှင့် စာရေးဆရာကြီး Robert T.Kiyosaki တို့နှစ်ဦးရေးသားသော Why we want you to be rich (Two men-one message) စာအုပ်တွင် ခေတ်အလိုက် အခြေအနေများကို အောက်ပါအတိုင်း ရေးသားထားပါသည်-

(က) **သမိုင်းဦးဘုံမြေခေတ်။** ယင်းခေတ်တွင် လူမျိုးစုအလိုက်နေထိုင်ကြပြီး ဆင်းရဲ၊ ချမ်းသာခွဲခြားမှုမရှိဘဲ လူမျိုးစုအကြီးအကဲဖြစ်သူသည် အခြားသူများနှင့် လူနေမှုအဆင့်အတန်းမှာ ကွဲပြားခြားနားမှုမရှိခဲ့ပါ။

(ခ) **မြေရှင်ပဒေသရာဇ်ခေတ်။** ယင်းခေတ်တွင် လူတန်းစား ၂ မျိုးပေါ်ထွန်းလာပြီး ဘုရင်နှင့်သူဌေးသူကြွယ်များလူတန်းစား၊ လယ်သမားနှင့်ဆင်းရဲသားများလူတန်း

[19] အချမ်းသာဆုံး ၈၅ ဦး ဓနဥစ္စာ လူသန်းပေါင်း ၃၅၀၀ ပိုင်ဆိုင်မှုနဲ့ညီမျှ၊(၁၂-၁၂-၂၀၁၅)၊ ဗွီအိုအေ၊ available from: http://burmese.voanews.com/content/oxfam-wealth-of-85-richest-equals/1834959.html [view date 24 December 2015]

[20] Christine Lagarde, IMF Head: Inequality Will Haunt the 21st Century, 2014
Available from: http://www.cheatsheet.com/politics/imf-head-inequality-will-haunt-the-21st-century.html/?a=viewall/ [view date 22 December 2015]

စားတို့ဖြစ်ပါသည်။ ဘုရင့်၏လယ်ကို လယ်သမားများက လုပ်ကိုင်ရပြီး ဘုရင်အား ရိတ်သိမ်းစပါးများကို အခွန်အဖြစ် ပေးဆောင်ရပါသည်။

(ဂ) **စက်မှုခေတ်။** အမေရိကန်နိုင်ငံတွင် လူလတ်တန်းစားများ ပေါ်ပေါက်လာပြီး ဒီမိုကရေစီစနစ်ပေါ်ထွန်းလာခဲ့ပါသည်။ အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် တရားရုံးချုပ်များ (ထိုအချိန်က အမျိုးသမီးများနှင့် ဖွဲ့စည်းခဲ့သည်) ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ တချို့က ဒီမိုကရေစီအတွေးအခေါ်သည် ခရစ်ယာန်ဘာသာနှင့်သမ္မာကျမ်းစာများမှ ရရှိခဲ့သည်ဟုယုံကြည်ကြပါသည်။ အမေရိကန်နိုင်ငံတွင် ဩဇာအာဏာရှိလာသော လူလတ်တန်းစားများနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းသည်ထွန်းကားလာပါသည်။ သို့သော်လည်းဥရောပနိုင်ငံများကဒီမိုကရေစီ အတွေးအခေါ်များနှင့်လူလတ်တန်းစားများသည် လက်တွေ့ကျခြင်းမရှိဟု ထင်မြင်သုံးသပ်ကြပါသည်။

(ဃ) **သတင်းအချက်အလက်နည်းပညာခေတ်။** ယနေ့ခေတ်တွင် လူလတ်တန်းစားများ တဖြည်းဖြည်း ပျောက်ကွယ်နေပြီး ဒီမိုကရေစီကျသည့် အရင်းရှင်စနစ် ပေါ်ထွန်းလာပါသည်။ တခြားသောခေတ်များနှင့် မတူဘဲ ဥစ္စာခနေပိုင်ဆိုင်သူနှင့် ဥစ္စာခနေမဲ့သူ လူတန်းစားအလွှာ ၂ လွှာ၏ ကွာခြားမှုသည် မြင့်မားလာပါသည်။

၂၄။ ထို့ကြောင့် ယနေ့ခေတ်သည် မြေရှင်ပဒေသရာဇ်ခေတ်သို့ ပြန်လည်သွားနေပြီလားဟု ထင်မှတ်ရပါသည်။ မြေရှင်ပဒေသရာဇ်ခေတ်တွင် ဒီမိုကရေစီစနစ်မရှိပါ။ ယခုခေတ်သည် ဒီမိုကရေစီစနစ်ရှိပြီး ဒီမိုကရေစီရှိသော အရင်းရှင်စနစ်ပုံစံသစ်ကို ဖြစ်ပေါ်နေသလားဟု စဉ်းစားစရာဖြစ်နေပါသည် ဟုသုံးသပ်ရေးသားထားပါသည်။ [21]

## ပညာရှင်၏ထင်မြင်သုံးသပ်ချက်များ

၂၅။ စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက “ဝင်ငွေကွာဟမှု (Income Gap) ကြီးလာလျှင် မည်သည့်ဆိုးကျိုးများနှင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ရမည်

[21] Donald J.Trump,Robert T.Kiyosaki Why we want you to be rich (Two men-one message) Page 17[accessed 17 December 2015]

နည်းဟုဆိုလျှင် ယင်းနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို တစ်ချိန်မဟုတ် တစ်ချိန်တွင် ထိခိုက်စေမည်ဟု ဆိုနိုင်ပေလိမ့်မည်။[22] မြန်မာနိုင်ငံတွင်ဆင်းရဲချမ်းသာကွာဟမှုသည်အမြင့်အဆုံးအခြေအနေနီးပါးဖြစ်နေပါကြောင်း၊ ဆက်လက်ပြီး ကွာဟနိုင်ချေရှိ/မရှိမှာ နိုင်ငံ၏ဝင်ငွေခွဲဝေမှုမူဝါဒအပေါ် မူတည်နေပါကြောင်း၊ နိုင်ငံ့သဘာဝ သယံဇာတများဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့များ ထုတ်ရောင်းသည့်စီးပွားရေးအဖြစ်တွင် ဆက်လက်ရှိနေမည်ဆိုလျှင် ဆင်းရဲချမ်းသာကွာဟမှုမှာဆက်ပြီးကွာဟနေမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ ဝင်ငွေခွဲဝေမှုမူဝါဒကို အပြောင်းအလဲမလုပ်နိုင်လျှင်လည်း ဆင်းရဲချမ်းသာကွာဟမှု ဆက်လက်ရှိနေမည်ဖြစ်ကြောင်း" သုံးသပ်ပြောကြားခဲ့ပါသည်။[23]

### အဖွဲ့အစည်း၏ထင်မြင်ချက်

၂၆။ "ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ဖြည့်ဆည်းမှုအားနည်းရခြင်းသည် ဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် ဆင်းရဲတွင်းနစ်နေရသည့်အကြောင်းများထဲတွင်ပါဝင်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်ရန် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နေသော်လည်း အပြောင်းအလဲများသည် လူဦးရေ၏ရာခိုင်နှုန်းအများစုဖြစ်သည့် လယ်ယာလုပ်ကိုင်နေကြသော တောင်သူများအပေါ်အကျိုးမသက်ရောက်သရွေ့ တိုင်းပြည်၏ ဖွံ့ဖြိုးမှုအားနည်းနေလိမ့်ဦးမည်။ တိုင်းပြည်၏ ဆင်းရဲချမ်းသာကွာဟမှုကြီးမားနေချိန်တွင် အခြေခံလူတန်းစားကိုကိုယ်စားပြုသည့် နိုင်ငံရေးအင်အားစုများအားကောင်းရန် လိုအပ်ပါသည်"ဟုရန်ကုန်မြို့ လောကအလင်း လူမှုရေးအဖွဲ့မှ ကိုထွန်းလင်းဦးက သုံးသပ်ပြောကြားပါသည်။[24]

## နိဂုံး

၂၇။ ဆင်းရဲချမ်းသာကွာဟမှုသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးစနိုင်ငံဖြစ်စေ၊ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ နောင်နှစ်ပေါင်းများစွာ ကြုံတွေ့နေရဦးမည်ဖြစ်ကြောင်း သိရှိရပါသည်။ ယင်းအား အမြစ်ပြတ်ခြေမှုန်း သုတ်သင်ရန်ခက်ခဲသော်လည်း ကျဉ်းမြောင်းသွားရန်ဆောင်ရွက်နိုင်ပါသည်။ လွှတ်တော်

---

[22] ဒေါက်တာအောင်ကိုကို၊ 4 July 2015၊http://shwemintharlay.blogspot.com/2015/07/income-gap.html /[accessed 17 December 2015]

[23] OXFAM,Available from: http://www.wealthx.com/articles/2013/eleven-myanmar-gap-may-widen-between-rich-and-poor-in-myanmar/[view date 21 December 2015]

[24] ဖွံ့ဖြိုးမှုဆိုင်ရာအစီရင်ခံစာထုတ်ပြန်၊ ၂၅-၇-၂၀၁၄၊ BBC, available from: http://www.bbc.com/burmese/burma/2014/07/140725_undp_report_.../[view date 24 December 2015]

ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲချမ်းသာကွာဟမှုအား ကမ္ဘာ့ဆင်းရဲချမ်းသာကွာဟမှု နှိုင်းယှဉ်သုံးသပ်နိုင်ရန်အတွက်လည်းကောင်း၊ မိမိတို့၏မဲဆန္ဒနယ်များမှပြည်သူလူထု၏ဝင်ငွေကွာဟမှုအားသုံးသပ်နိုင်ရန်အတွက်လည်းကောင်းအထောက်အကူပြုနိုင်ရန်အတွက်ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

### သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနဌာန -

ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၈၄
၀၆၇-၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com